# သဲကျွန်းကျေးရွာ

# တောင်တွင်းကြီးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

သဲကျွန်းကျေးရွာ ၊ တောင်တွင်းကြီးမြို့နယ်

( စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည် )

၂၀၂၀ ခုနှစ် ၊ မေ လ

## မာတိကာ

စာမျက်နှာ


| | | |
|---|---|---|
| စကားချီ | | ၁ |
| တောင်တွင်းကြီးမြို့နယ် ၊ **သဲကျွန်း** ကျေးရွာအရင်းအမြစ်ပြမြေပုံ | | ၂ |
| ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ် | | ၃ |
| (၁) | နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | ၃ |
| ၁။ | တည်နေရာနှင့် ပထဝီအနေအထား | ၅ |
| ၂။ | ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ | ၅ |
| ၃။ | ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ | ၅ |
| | (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ | ၅ |
| | ( ခ) စီပွားရေးနှင့်အသက်မွေးမှုအခြေအနေ | ၆ |
| | ( ဂ) အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ | ၇ |
| | (ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု | ၇ |
| | ( င) ပညာရေး | ၈ |
| | ( စ) ကျန်းမာရေး | ၈ |
| | (ဆ) ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၈ |
| | ( ဇ) ကျား/မ ရေးရာ | ၉ |
| ၄။ | ကျေးရွာ၏ ဦးစားပေးစီမံချက်လုပ်ငန်းများ | ၁၀ |
| ၅။ | ကျေးရွာ၏ နှစ်အလိုက် စီမံချက်လုပ်ငန်းများ | ၁၁ |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြုဇယားများ | ၁၂ |
| | ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ | ၁၂ |
| | ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်း အမျိုးအစား | ၁၃ |
| | ဇယား (၃) လုပ်ငန်းနှင့် ကျား၊မအလိုက် အနည်းဆုံးနှင့်အများဆုံး လုပ်အားခ နှုန်းထား | ၁၇ |
| | ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု | ၁၈ |
| | ဇယား (၅) ခတ်သတ္တု နှင့် အခြားသဘာဝရင်းမြစ်များ | ၁၉ |
| | ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ | ၂၀ |
| | ဇယား (၇) ဆင်းရဲသော အိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ | ၂၁ |
| | ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ | ၂၂ |

| | | |
|---|---|---|
| ဇယား (၉) | ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ | ၂၃ |
| ဇယား (၁၀) | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ၂၄ |
| ဇယား (၁၁) | ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ | ၂၅ |
| ဇယား (၁၂) | ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပ အဖွဲ့အစည်းများ | ၂၇ |
| ဇယား (၁၃) | ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု ၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု | ၂၈ |
| ဇယား (၁၄) | ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ | ၂၉ |
| ဇယား (၁၅) | အဓိကသီးနှံများနှင့် အထွက်နှုန်း | ၃၀ |
| ဇယား (၁၆) | ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု | ၃၁ |
| ဇယား (၁၇) | သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ | ၃၂ |
| ဇယား (၁၈) | သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ | ၃၃ |
| ဇယား (၁၉) | မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ | ၃၄ |
| ဇယား (၂၀) | မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ | ၃၅ |
| ဇယား (၂၁) | မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ | ၃၇ |
| ဇယား (၂၂) | စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ | ၃၉ |
| ဇယား (၂၃) | စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ | ၄၀ |
| ဇယား (၂၄) | ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ ၊ ပုံစံနှင့် အချိန်ကာလ | ၄၂ |
| ဇယား (၂၅) | ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း | ၄၃ |
| ဇယား (၂၆) | ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ | ၄၃ |
| ဇယား (၂၇) | ကုန်စည်နှင့်ဝန်ဆောင်မှု ၊ ဈေးကွက် လက်လှမ်းမီမှုအခြေအနေ | ၄၄ |
| ဇယား (၂၈) | ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း | ၄၅ |
| ဇယား (၂၉) | သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ | ၄၇ |
| ဇယား (၃၀) | မူလတန်း ၊ အလယ်တန်း ၊ အထက်တန်းနှင့်တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း | ၄၈ |
| ဇယား (၃၁) | ကျောင်းတက်နှုန်း | ၄၈ |
| ဇယား (၃၂) | စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ | ၄၉ |
| ဇယား (၃၃) | ပညာရေးအခက်အခဲနှင့်ပြဿနာများ | ၅၀ |
| ဇယား (၃၄) | အဖြစ်များသော ရောဂါများ | ၅၁ |

| | | | |
|---|---|---|---|
| | ဇယား (၃၅) | လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု | ၅၂ |
| | ဇယား (၃၆) | ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ | ၅၃ |
| | ဇယား (၃၇) | သောက်သုံးရေ ရရှိနိုင်မှု | ၅၄ |
| | ဇယား (၃၈) | အိမ်သာ အမျိုးအစား | ၅၆ |
| | ဇယား (၃၉) | ကျား – မ ရေးရာ | ၅၆ |
| | ဇယား (၄၀) | ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ | ၅၇ |
| | ဇယား (၄၁) | ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ | ၅၉ |
| | ဇယား (၄၂) | ရေကြောင်းသယ်ယူပို့ဆောင်ရေး | ၆၀ |
| | ဇယား (၄၃) | သယ်ယူပို့ဆောင်ရေးယာဉ်များ | ၆၀ |
| | ဇယား (၄၄) | လျှပ်စစ်မီးရရှိမှု အခြေအနေ | ၆၁ |
| | ဇယား (၄၅) | ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာအခြေအနေ | ၆၂ |
| | ဇယား (၄၆) | ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ | ၆၂ |
| | ဇယား (၄၇) | ဘေးကင်းလုံခြုံရေး ၊ ဝန်ဆောင်မှု အထောက်အကူများ လက်လှမ်းမီမှု | ၆၃ |
| | ဇယား (၄၈) | မှုခင်းဖြစ်ပွားမှု အခြေအနေ | ၆၄ |
| ၇။ | ကျေးရွာဖွံ့ဖြိုးရေး ကွင်းဆက်များ | | ၆၅ |
| | ကိုးကားစာရင်း | | ၇၀ |

**စကားချီ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်တော်တို့ **သဲကျွန်း** ကျေးရွာသူ/သားများ ကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေးအတွက် ပထမဆုံးစတင်ရေးဆွဲသောအစီအစဉ်ဖြစ်ပါသည်။စီမံကိန်းဖြစ်မြောက် ရေးအတွက် ကူညီဆောင်ရွက်ပေးသော တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနဝန်ထမ်းများအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲခြင်း ၊ စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ခွင့်ပြုပေးပါသော စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ အားလုံး ကျေးဇူးတင်ရှိပါသည်။

ကျွန်တော်တို့ ကျေးရွာတွင် ယခင်က ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ကြရာတွင် ရပ်မိရပ်ဖများနှင့်သာ ရေးဆွဲတိုင်ပင်ကြခြင်း ဖြစ်ပါသည်။ယခုကဲ့သို့ အတန်းအစား ပေါင်းစုံ စနစ်တကျ ပူးပေါင်းဆောင်ရွက်သည့် စနစ်ကျသည့် စီမံကိန်းမျိုး မရေးဆွဲခဲ့ပါ။ယခုအခါ ထိုသို့ ကျေးရွာ လူထု တစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်စနစ်ကျသည့် စီမံကိန်းအဖြစ် ဆောင်ရွက်နိုင်သည်ကို သိရှိခဲ့ရပါသည်။နောင်တွင် မည်သည့်ကိစ္စရပ် တိုင်ပင်ဆွေးနွေးမှုများတွင် မဆို လူထု ပူးပေါင်းပါဝင်နိုင်ရေး အလေးထား ဆောင်ရွက်ရပါမည်။ကျေးရွာဖွံ့ဖြိုးရေး စီမံချက် ရေးဆွဲသည့်အခါ ကျေးရွာသူ/သားများ၏ နေထိုင်မှု ၊ ပိုင်ဆိုင်မှု ၊ ကျန်းမာရေး အစရှိသည့် ကဏ္ဍအစုံသည် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးနှင့်သက်ဆိုင်နေကြောင်း သိရှိရပြီး ကဏ္ဍအစုံမှ ထွက်ရှိလာသော အချက်အလက်များကို ကြည့်ရှု့ခြင်းအားဖြင့် လိုအပ်ချက်များကို ဖော်ထုတ် သိရှိနိုင်မည် ဖြစ်ပါသည်။ထိုသို့မှန်ကန်သော လိုအပ်ချက်များအား သိရှိနိုင်မှသာ ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မည့် သင့်လျော်သော အဖွဲ့အစည်းများ ၊ ဦးစီးဌာနများထံ တင်ပြတောင်းခံနိုင်မည် ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲခြင်း စီမံကိန်းသည် စာရင်းဇယားများ ၊ ကျေးရွာလူထု၏ လူနေမှုအခြေအနေ ပိုင်ဆိုင်မှုများကို ကောက်ယူပြီးမှ လိုအပ်ချက်ပေါ် မူတည်၍ ကျေးရွာလူထု၏ ဆန္ဒဖြင့် အမှန်တကယ်လိုအပ်သော စီမံကိန်းလုပ်ငန်းအား အကောင်အထည်ဖော် ဆောင်ရွက်သဖြင့် အလွန်ကောင်းမွန်ပြီး အကျိုးရှိသော စီမံကိန်း ဖြစ်ပါသည်။

ယခုကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အကူအညီဖြင့် ကျေးရွာလူထုကိုယ်တိုင် ပါဝင်ရေးဆွဲသော **သဲကျွန်း** ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း စာအုပ်အား စီမံကိန်းကာလအတွင်းသာ အသုံးပြုခြင်း မဟုတ်ဘဲ ပြောင်းလဲမှုရှိလာသည်နှင့်အမျှ ပြုပြင်ဖြည့်စွက်၍ အစဉ်အမြဲ သုံးစွဲသွားမည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
သဲကျွန်းကျေးရွာ
တောင်တွင်းကြီးမြို့နယ်

## တောင်တွင်းကြီးမြို့နယ် ၊ သဲကျွန်း ကျေးရွာ  အရင်းအမြစ်ပြမြေပုံ




ရည်ညွှန်း – တောင်တွင်းကြီးမြို့နယ် ၊ ပင်တိုင်ကျေးရွာအုပ်စု ၊ သဲကျွန်းကျေးရွာတွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ/သားများ ကိုယ်တိုင် ပူးပေါင်း အကဲဖြတ်ခြင်းမှ ရယူသည်။

## ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ်

## (၁) နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

### (က) ရည်ရွယ်ချက်

သဲကျွန်းကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်သည်အစိုးရဌာနများ၊ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်တော်တို့၏ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုနိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် ရေးဆွဲရေး အတွေ့အကြုံ မရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း ၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ထို့အပြင်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး ၊ ဌာနဆိုင်ရာများ စသည်တို့မှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန် နှင့် ကျွန်တော်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်း သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ ကြုံတွေ့နေရသော ပြဿနာများ ၊ ပြဿနာများဖြစ်ရသည့် အခြေခံအချက်များ ၊ ဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ်စေသော အချက်များနှင့်အဟန့်အတားဖြစ်စေသောအချက်များ၊(၅)နှစ်တာ ကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များရရှိရန် ကျွန်တော်တို့ အနေဖြင့် ဆောင်ရွက်မည့်နည်းဗျူဟာများ ၊ စီမံချက်များကို ရှင်းရှင်း လင်းလင်း ဖော်ပြထားပါသည်။

ကျွန်တော်တို့၏ ဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သော အစိုးရဌာနများ ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများ ၊ ပုဂ္ဂလိက ကဏ္ဍ ၊ ဘဏ်များ ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရရှိစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏ အသုံးဝင်မှုကို သိရှိစေရန် မျှော်လင့်ပါသည်။

### ( ခ) နိုင်ငံတော်အစိုးရအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်တော်တို့၏ အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးရန် ဤဖွံ့ဖြိုးရေးစီမံချက်များကို မြို့နယ်အဆင့် ၊ ခရိုင်အဆင့် ၊ တိုင်းအဆင့် ၊

ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအားတင်ပြသွားမည်ဖြစ်ပါသည်။ပုဂ္ဂလိက အဖွဲ့အစည်းများအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာလိုလားချက်များ ၊ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်ဖွံ့ဖြိုး လာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

အစိုးမဟုတ်သော အဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှု အဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်ပါသည်။

ဘဏ်လုပ်ငန်းရှင်များနှင့်အသေးစားလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမို သိရှိလာနိုင်မည်ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့်တက္ကသိုလ်များအနေဖြင့်ကျွန်တော်တို့ကျေးရွာနှင့်ကျေးလက်လူထု၏တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ ၊ နိုင်ငံတကာချေးငွေအဖွဲ့အစည်းများ ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါသည်။

( ဂ ) **စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု**

ယခင်ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်တော်တို့ကိုယ်တိုင်တက်နိုင်သော ငွေကြေး ၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိလာနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများကို ချမှတ်ခဲ့ကြပါသည်။ယခုအခါ ယင်းကဲ့သို့ မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးရေးဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိပြီးဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း ၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

## ၁။ တည်နေရာနှင့် ပထဝီအနေအထား

သဲကျွန်း ကျေးရွာသည် မကွေးတိုင်းဒေသကြီး ၊ မကွေးခရိုင် ၊ တောင်တွင်းကြီးမြို့၏ အရှေ့တောင်ဘက်တွင် တည်ရှိပါသည်။ကျေးရွာသည် တောင်တွင်းကြီးမြို့မှ (၈)မိုင်ခန့်အကွာတွင် တည်ရှိပြီး၊တောင်တွင်း–ချောင်းနက်–နေပြည်တော်သွားကားလမ်း၏တောင်ဘက်ကပ်လျက် တည်ရှိပါ သည်။သဲကျွန်းကျေးရွာသည် မြန်မာနိုင်ငံအလယ်ပိုင်း မြေပြန့်ဒေသဖြစ်ပြီး ပထဝီအနေအထား အရ မြောက်လတ္တီကျူ့(၁၉ )ဒီဂရီ (၅၅)မိနစ်နှင့်အရှေ့လောင်ဂျီကျူ့(၉၅)ဒီဂရီ(၃၄) မိနစ်ကြားတွင် တည်ရှိပါ သည်။အမြင့်ဆုံး အပူချိန်မှာဧပြီလတွင် (၄၄.၅) ဒီဂရီစင်တီဂရိတ် နှင့် အနိမ့်ဆုံး အပူချိန်မှာ ဇန်နဝါရီလတွင် (၁၁.၅) ဒီဂရီစင်တီဂရိတ်ဖြစ်ပါသည်။ပင်လယ်ရေ မျက်နှာပြင် အထက် (၄၃၀) ပေ အမြင့်တွင် တည်ရှိပါသည်။မိုးအများဆုံးရွာသောလမှာ ဇူလိုင် နှင့်ဩဂုတ်လ ဖြစ်ပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျေးရွာသည် နှစ်စဉ်မိုးရေချိန်(၄၀)လက်မခန့်ရွာသွန်းပြီး သဘာဝ ပေါက်ပင်များမှာ မန်ကျည်းပင် ၊ တမာပင် ၊ ကုက္ကိုပင် ၊ ထန်းပင် ၊ ဇီးပင် ၊ သီးပင် စသော အပင်များ ပေါက်လေ့ရှိပါသည်။ကျေးရွာ၏ စိုက်ပျိုးနိုင်သော ဧကမှာ လယ်ဧက (၃၆၆)ဧက ဝန်းကျင်ရှိပြီး သီးထပ်သီးနှံ အဖြစ် ကုလားပဲ ၊ မတ်ပဲ ၊ နေကြာ တို့ကို စိုက်ပျိုးဖြစ်ထွန်းနိုင်ပါသည်။အခြားသီးနှံများကို ယာမြေ (၂၇၆) ဧကတွင် ငရုတ် ၊ ခရမ်း ၊ ခရမ်းချဉ် ၊ ပဲကြီး ၊ နှမ်း ၊ မြေပဲ ၊ ကြံ နှင့်ပြောင်းတို့ကို ရာသီအလိုက် စိုက်ပျိုးကြပါသည်။ကျေးရွာအနီး စိမ့်စမ်းရေစီးဆင်းသော ချောင်းမှ စမ်းရေမရှိသော်လည်း တစ်နိုင်တစ်ပိုင်အဝီစိတွင်းများတူး၍စားပင်သီးပင်များဖြစ်သော ချဉ်ပေါင် ၊ ပဲတိုင်ထောင် ၊ ပဲလင်းမွေ ရုံးပတီသီးအစရှိသော ဟင်းသီးဟင်းရွက်ပင်များကိုလည်း စိုက်ပျိုးကြပါသည်။တစ်ခါ တစ်ရံ ကင်ပွန်းတောင် ရေလှောင်တမံ၏ ရေပေးဝေမှုကြောင့် နွေရာသီမှာနွေစပါး ၊ နွေနှမ်း အစရှိသည် တို့ကိုလည်း ဆည်ရေ အကူအညီဖြင့် စိုက်ပျိုးကြရပါသည်။

## ၃။ ကျေးရွာရှိကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

သဲကျွန်းကျေးရွာတွင် ရွာဦးစေတီနှင့်ဘုန်းတော်ကြီးကျောင်းရှိပြီး ဘာသာ သာသနာ တိုးတက်ထွန်းကား ပြန့်ပွားစေရန် နှင့်ကျေးရွာဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဂေါပကအဖွဲ့များ

နာယကအဖွဲ့၊ ဝတ်အသင်းအဖွဲ့ ၊ ပရဟိတအဖွဲ့ ၊ လူငယ်အဖွဲ့ ၊ အမျိုးသမီးအဖွဲ့ ၊ မီးလင်းကော်မတီများ ၊ ဓမ္မစကူးအဖွဲ့ ၊ ကျောင်းကော်မတီများ ၊ လူမှုကူညီရေးအဖွဲ့များ ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိပါသည်။ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများနှင့်ဆိုင်သော ဘာသာရေး ၊ နာရေး ၊ လူမှုရေး ကိစ္စကြီးငယ်များ ပေါ်ပေါက်လျှင်လည်း အုပ်ချုပ်ရေးအဖွဲ့နှင့်ချိတ်ဆက်၍ ၄င်းအဖွဲ့များဖြင့် ပူးပေါင်းကာ ကျေး ရွာသူ/ရွာသားများ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်သော အလေ့အထကောင်းများ ရှိပါသည်။ပြင်ပမှအသေးစားချေးငွေများဖြစ်သော ပက်စ်မြန်မာ ၊ စထာပါနာ ၊ သမဝါ ယ၊ BNK ငွေစုငွေချေးအဖွဲ့နှင့် အစိုးရချေးငွေ ဘဏ်အဖွဲ့အစည်းများလည်း ရှိပါသည်။

(ခ) **စီးပွားရေးနှင့် အသက်မွေးမြူမှုအခြေအနေ**

ကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ဖြစ်ပါသည်။ မိုးရာသီတွင် နှစ်စဉ်မိုးစပါးအနည်းငယ်စိုက်ပျိုးကြပြီး မိုးရာသီမှာပင် နှမ်းသီးနှံကိုလဲ စိုက်ပျိုးကြပါသည်။မိုးလယ်ပိုင်းတွင် လစ်လပ်နေသော မြေများကိုလည်း အခြားသီးနှံဖြစ်သော ငရုတ် ၊ ခရမ်း ၊ ခရမ်းချဉ် ၊ ပဲကြီး တို့ကိုလည်း သီးညှပ်များအဖြစ် စိုက်ပျိုးကြပါသည်။နောက်ပိုင်းတွင် ကြံသီးနှံကိုလည်းအနည်းငယ်စိုက်ပျိုးမှုရှိပါသည်။ကျေးရွာနေတောင်သူများ၏စိုက်ပျိုးမြေဧကမှာ လယ်မြေ/ယာမြေနှစ်ရပ်ပေါင်း ဧက (၆၄၂)ဧကဖြင့် စိုက်ပျိုးလုပ်ကိုင်အသက်မွေးကြပါသည်။နှစ်စဉ် တစ်ဧကစပါးထွက်နှုန်းမှာ အနည်းဆုံး(၄၅)တင်းမှ(၆၀)တင်းထိသာ ထွက်နှုန်းရှိပါသည်။ကြံတစ်ဧကတွင် ထွက်နှုန်းမှာ ပျမ်းမျှ (၃၀)တန် ဝန်းကျင်သာရှိသည်ကို တွေ့ရှိရပါသည်။

သီးနှံအထွက်နှုန်းများကို သုံးသပ်ကြည့်ရာတွင် သဘာဝအရင်းအမြစ်များဖြစ်သော ရာသီဥတုနှင့်စိမ့်ရေ ၊ စမ်းရေအပေါ်မူတည်ခြင်း ၊ စိုက်ပျိုးရေးနည်းပညာရယူမှု အားနည်းခြင်း နည်းစနစ် မမှန်ခြင်း ၊ တောင်သူများ ငွေကြေးသင့်တင့်ရုံဖြင့် လုပ်နေရခြင်း ၊ လုပ်သားရရှိမှု မမှန်ကန်ခြင်းများ အပေါ်မူတည်၍ သီးနှံအထွက်နှုန်းများ နည်းပါးရခြင်းဖြစ်သည်ဟု ယူဆရပါသည်။ရရှိသော သီးနှံဈေးကွက် ချိတ်ဆက်မှုနည်းပါးခြင်း အပေါ်မူတည်၍ တောင်သူများဈေးကွက်စနစ် အားနည်းခြင်း တို့ကြောင့် ငွေကြေးခက်ခဲမှုရှိသည်ကိုလည်းတွေ့ရှိရပါသည်။ထိုကဲ့သို့ သီးနှံဈေးကွက်နည်းခြင်း၊ သီးနှံထွက်အားနည်းခြင်း ၊ ဝင်ငွေရရှိမှုနည်းခြင်းများကြောင့်လည်း ကျေးရွာရှိ အမျိုးသား ၊ အမျိုးသမီး ၊ လူငယ်အများစု ပြည်ပထွက်၍ ဝင်ငွေရှာကာ မိသားစုအများ ရပ်တည် နေရခြင်းဖြစ်ပါသည် ။

၄င်း၏အကျိုးဆက်များကို ထပ်မံထောက်ရှုကြည့်လျှင် ပြည်ပထွက် လူငယ်အများစု သွားရောက်လုပ်ကိုင်ခြင်းကြောင့် ကျေးရွာအတွင်းလုပ်သားထပ်မံရှားပါးလာပါသည်။သက်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် စိုက်ပျိုးရေးသုံးကိရိယာများအား အရစ်ကျစနစ်ဖြင့် ရောင်းချပေးနိုင်ခြင်းများရှိပါက ကျေးရွာစိုက်ပျိုးရေး ကဏ္ဍဖွံ့ဖြိုး တိုးတက်ကောင်းမွန်လာမည်ကိုလဲ မျှော်လင့်ယူဆမိပါသည်။

ကျေးရွာတွင် ကျပန်းလုပ်ကိုင်နေသော ဈေးသည်နှင့် တောင်သူလုပ်သား အများစု ရှိသော်လည်း ဝန်ဆောင်မှုဆိုင်ရာ အတတ်ပညာနည်းပါးခြင်းတို့ကြောင့် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ အသက်မွေးဝမ်းကျောင်း သင်တန်းများနည်းပညာပေး ဖွင့်လှစ်ပို့ချ ပေးနိုင်မည် ဆိုပါက ကျေးရွာ၏ လူမှုစီးပွားရေး အခြေအနေ ပိုမိုတိုးတက်လာမည်ဖြစ်ပါသည်။

(ဂ) **အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

ကျေးရွာရှိ အိမ်ထောင်စုအသီးသီးအနေဖြင့် သန့်ရှင်းသော သောက်သုံးရေ သုံးစွဲနိုင်ရန်အတွက် ယခင်တွင်းရေများ အနည်းငယ်သာ သုံးစွဲ၍ မြေအောက်အဝီစိတွင်းများတူး၍ ရေတုံကင်များ တပ်ဆင်အသုံးပြုကြပါသည်။တတ်နိုင်သော အိမ်ထောင်စုများအနေဖြင့် လျှပ်စစ် ရေမော်တာများ တပ်ဆင်အသုံးပြုကြပါသည်။ကျေးရွာရှိ ကလေးငယ်များအတွက် အခြေခံပညာ မူလတန်းလွန်ကျောင်းကိုလည်း ပညာသင်ကြားနိုင်ရန် ဆောက်လုပ်ထားရှိပြီးဖြစ်ပါသည်။ လက်ရှိကျောင်းဆောင်အတွက်လည်း လိုအပ်သည်များကို သက်ဆိုင်ရာဌာနများဖြင့် ချိတ်ဆက်မှု လည်း အဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

အဓိကလူနေမှုအထောက်အကူဖြစ်သော လျှပ်စစ်မီးရရှိမှုကိုလည်း ကျေးရွာရှိ ရပ်မိရပ်ဖများဖြင့် ညှိနှိုင်း၍ လျှပ်စစ်မီးကော်မတီအဖွဲ့အစည်းများကို (၂၀၁၅)ခုနှစ်တွင် ကိုယ်ထူကိုယ်ထ မီးလင်းရေး ဆောင်ရွက်ရန် ဖွဲ့စည်းခဲ့ပါသည်။ကျေးရွာမီးလင်းရေးအတွက် တောင်တွင်းကြီးမြို့ ဓါတ်အားခွဲရုံမှ လျှပ်စစ်ဌာနသို့တင်ပြ၍ ကိုယ့်အားကိုယ်ကိုး လျှပ်စစ် မီးလင်းရေး ဆောင်ရွက်ခဲ့ပါသည်။ယခုအခါ ကျေးရွာအိမ်ထောင်စုအများစုမှာ လျှပ်စစ် မီးလင်း နေပြီဖြစ်ပါသည်။

ကျေးရွာနေ မိသားစုများသည် စိုက်ပျိုးရေးကို အခြေခံရခြင်းဖြစ်သည့်အတွက် မိုးအခါ ယာမြေများထွန်ယက်ရန် ကျေးရွာလမ်းများကိုအသုံးပြု၍ ကျွဲ ၊ နွားနှင့်ထွန်စက်များဝင်ထွက် သွားလာ နေကြရသည်မှာ မဖြစ်မနေသွားနေရခြင်း ဖြစ်ပါသည်။ယခုကဲ့သို့သွားလာနေရခြင်းကြောင့် မိုးအခါ လမ်းမများသည် ဗွက်ပေါက်ခြင်း ၊ ရေတင်ခြင်းကြောင့် ခက်ခဲစွာသွားလာနေရပါသည်။ ထို့ကြောင့် ကျေးရွာလမ်းများကို ကျောက်ခင်းမြေနီလမ်း အဆင့်မြှင့်တင်လျှင် ကျေးရွာတွင်း သွားလာရန် ပိုမို လွယ်ကူပြီး ရွာသူရွာသားများ အကျိုးရှိမည်ဖြစ်ပါသည်။၎င်းအတွက် ကျေးရွာ၏ အဓိက လမ်းမကြီး နှစ်သွယ်အား ကျေးရွာကျောက်ခင်း မြေနီလမ်းခင်းခြင်းသည် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်အတွက် ဦးစားပေးဆောင်ရွက်ရခြင်းဖြစ်ပါသည်။

(ဃ) **ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု**

သဲကျွန်းကျေးရွာတွင် ငွေကြေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများ အတွက် လိုအပ်သော ချေးငွေများကို မိုးစပါး စိုက်ပျိုးနိုင်ရန်အတွက် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေး ဘဏ်မှ(၁)ဧကလျှင်(၁၅၀၀၀၀)ကျပ် ထုတ်ချေးပါသည်။အခြားအသေးစား ချေးငွေဝန်ဆောင်မှုများ ဖြစ်သော ပက်စ်မြန်မာ ၊ စထာပါနာ ၊ သမဝါ ယ ၊ BNKငွေစုငွေချေးအဖွဲ့နှင့် အဖွဲ့အစည်းများ ရှိသော်လည်း လယ်သမား များသာမက အခြားအသေးစား စီးပွားရေးလုပ်ငန်းများ ထူထောင်ရန် (ဥ ပမာ-တစ်နိုင်တစ်ပိုင် မွေးမြူရေး ၊ အရောင်းအဝယ် နှင့် ငွေကြေးဝန်ဆောင်မှုများ) လိုအပ် ပါသည်။

(င) **ပညာရေး**

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည်အလယ်အလတ်အဆင့်ဖြစ်ပြီး ရွာသူ/ သား အများစုသည် အခြေခံအရေးအဖတ်အတွက် တတ်မြောက်ကြပြီး တက္ကသိုလ် ပညာရပ်များ နှင့် ဘွဲ့ရသူများလည်းရှိပါသည်။အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုသင်တန်းများ လက်လှမ်းမမီသော ကြောင့် လူငယ်များ အသက်မွေးဝမ်းကျောင်းပညာ နိမ့်ကျနေဆဲ ဖြစ်ပါသည်။

(စ) **ကျန်းမာရေး**

ကျေးရွာသူ/ကျေးရွာသားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါဖြစ်ပွားမှု မရှိသလောက် နည်းပါးပါသည်။နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားတတ်ပြီး အခြားသူများတွင် မိုးရာသီတုတ်ကွေးရောဂါ ကူးစက်ခံရ လေ့ရှိပါသည်။ထို့ကြောင့် သဲကျွန်းကျေးရွာ၏အရှေ့(၂)မိုင်ခန့်အကွာရှိ ကံပေးကြီး တိုက်နယ် ဆေးခန်းနှင့်ချိတ်ဆက်ကုသရပါသည်။ဟင်းသီးဟင်းရွက် ပဲမျိုးစုံ စိုက်ပျိုးထွက်ရှိခြင်းနှင့် အလုပ်အကိုင် အဆင်ပြေခြင်းတို့ကြောင့် မိသားစုများ ဝမ်းရေးအတွက် နေ့စဉ်ဝင်ငွေရရှိသည့် အတွက် အာဟာရ ချို့တဲ့မှုမရှိပါ။ကလေးသူငယ်များအတွက် ကျန်းမာရေး ကာကွယ်ဆေးတိုက် ကျွေးသော အစီအစဉ်များကို ကံပေးကြီးတိုက်နယ်ဆေးခန်းမှ ကာကွယ်ဆေး တိုက်ကျွေးသော အစီအစဉ်များကို နှစ်စဉ် ဆောင်ရွက်ပေးပါသည်။

(ဆ) **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာ လယ်မြေများသည် နှစ်စဉ် စပါးစိုက်ပျိုးခြင်း ၊ သီးထပ်သီးနှံ စိုက်ပျိုးခြင်း တို့အတွက် ဓာတုဗေဒ ကွန်ပေါင်းဓါတ်မြေဩဇာ အသုံးပြုခြင်း ၊ သဘာဝမြေဆွေးဓါတ်မြေဩဇာများ နှစ်စဉ် မထည့်သွင်းနိုင်ခြင်းတို့ကြောင့် မြေဆီလွှာပျက် ပျက်ယွင်းမှုများ ကြုံတွေ့ရသည်။ စိုက်ခင်း များတွင် ပိုးသတ်ဆေးများ အသုံးပြုရသောကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုရှိပါသည်။ ပိုးသတ်ဆေးများ အသုံးပြုရာတွင် ဓါတ်ကြွင်းအန္တရာယ်လျော့စေရန်အတွက် ဘေးကင်းလုံခြုံမှု ရရှိရန် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ခြင်းအတွက် အားနည်းသေးကြောင်း တွေ့ရှိရပါ သည်။ချောင်း ၊ မြောင်းတိမ်ကောလာခြင်းကြောင့် မိုးရာသီတွင် မိုးရက်ဆက် ရွာသွန်းပါက စပါးခင်းများ နှမ်းခင်းများ ရေနစ်မြုပ်ခံရ၍ ဆုံးရှုံးမှုများလည်း ကြုံတွေ့နေရပါသည်။

ထိုကဲ့သို့ ပြဿနာများ လျော့ပါးရေးအတွက် သစ်ပင်စိုက်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြေရေး ဆောင်ရွက်မှုများ အထူးပင်လိုအပ်နေသည်ကို တွေ့ရှိရပါသည်။

(ဇ) **ကျား/မ ရေးရာ**

ကျား/မဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်လေ့ရှိပါသည်။အမျိုးသမီးများသည်လည်း ကျေးရွာ၏ ဘာသာရေး ၊ လူမှုရေးတို့တွင် ပါဝင်လုပ်ဆောင်ကြပါသည်။လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ကောက်စိုက်ခြင်း ပေါင်းနုတ်ခြင်းနှင့်အမျိုးသားများသည် လယ်ထွန်ခြင်း ၊ စပါးရိတ်ခြင်း လုပ်ငန်းများကို လုပ်ကိုင် ကြပါသည်။

ဘာသာရေး အထိမ်းအမှတ်ရိုးရာယဉ်ကျေးမှုပွဲတော်များဖြစ်သည့် ရှင်ပြုအလှူပွဲများ ကျင်းပခြင်း ၊ ဘုန်းတော်ကြီးကျောင်း ဆရာတော်၏ ဦးဆောင်မှုဖြင့် တရားပွဲများ ကျင်းပကြပြီး အမျိုးသမီးများသည် အမျိုးသားများနှင့် ပူးပေါင်းဆောင်ရွက်ကြပါသည်။ဒေသတွင်းအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးကိစ္စရပ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍနည်းပါးနေသေးကြောင်း တွေ့ရှိရပါသည်။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေးအထိ ကျား/မ တန်းတူ အခွင့်အရေးရှိပါသည်။

**တောင်တွင်းကြီးမြို့နယ်   ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီဌာန**

**ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးစီမံချက်လုပ်ငန်းများ**

| စဉ် | ကျေးရွာအုပ်စု | ကျေးရွာအမည် | စီမံချက်အမည် | ဦးစားပေးအဆင့် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ပင်တိုင် | သဲကျွန်း | ရွာတွင်းလမ်းကျောက်ချောမြေနီလမ်းခင်းခြင်း | ၁ | |
| ၂ | | | တံတားတည်ဆောက်ခြင်း | ၂ | |
| ၃ | | | ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း | ၃ | |
| ၄ | | | လယ်ကြားမြောင်းတူးခြင်း | ၄ | |
| ၅ | | | စာသင်ကျောင်းခြံစည်းရိုးရရှိခြင်း | ၅ | |
| ၆ | | | အတိုးနှုန်းသက်သာသည့်ချေးငွေရရှိခြင်း | ၆ | |
| ၇ | | | စာသင်ကျောင်းသွားသည့်လမ်းခင်းခြင်း | ၇ | |
| ၈ | | | KG ကျောင်းဆောင်ဆောက်လုပ်ခြင်း | ၈ | |

| | | | | | |
|---|---|---|---|---|---|
| ၉ | | | စသင်ကျောင်းခန်းမျက်နှာကျက်ပြုလုပ်ခြင်း | ၉ | |
| ၁၀ | | | ဆေးပေးခန်းဆောက်လုပ်ခြင်း | ၁၀ | |
| ၁၁ | | | အသက်မွေးဝမ်းကျောင်းသင်တန်းဖွင့်လှစ်ခြင်း | ၁၁ | |
| ၁၂ | | | စာကြည့်တိုက်ဆောက်လုပ်ခြင်း။ | ၁၂ | |

**တောင်တွင်းကြီးမြို့နယ် ၊ သဲကျွန်း ကျေးရွာ၏ နှစ်အလိုက် စီမံချက်လုပ်ငန်းများ**

| စဉ် | လုပ်ငန်းအမည် | အဆင့် | ၂၀၁၉ – ၂၀၂၀ | ၂၀၂၀ – ၂၀၂၁ | ၂၀၂၁ – ၂၀၂၂ | ၂၀၂၂ – ၂၀၂၃ | ၂၀၂၃ – ၂၀၂၄ |
|---|---|---|---|---|---|---|---|
| ၁ | ရွာတွင်းလမ်းကျောက်ချောမြေနီလမ်းခင်းခြင်း | ၁ | √ | | | | |
| ၂ | တံတားတည်ဆောက်ခြင်း | ၂ | | √ | | | |
| ၃ | ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း | ၃ | | | √ | | |
| ၄ | လယ်ကြားမြောင်းတူးခြင်း | ၄ | | | | | √ |
| ၅ | စာသင်ကျောင်းခြံစည်းရိုးရရှိခြင်း | ၅ | | | √ | | |
| ၆ | အတိုးနှုန်းသက်သာသည့်ချေးငွေရရှိခြင်း | ၆ | | | | | √ |
| ၇ | စာသင်ကျောင်းသွားသည့်လမ်းခင်းခြင်း | ၇ | | √ | | | |
| ၈ | KG ကျောင်းဆောင်ဆောက်လုပ်ခြင်း | ၈ | | | | √ | |
| ၉ | စာသင်ကျောင်းခန်းမျက်နှာကျက်ပြုလုပ်ခြင်း | ၉ | | | | √ | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁၀ | ဆေးပေးခန်းဆောက်လုပ်ခြင်း | ၁၀ | | | | | √ |
| ၁၁ | အသက်မွေးဝမ်းကျောင်းသင်တန်း ဖွင့်လှစ်ခြင်း | ၁၁ | | | | | √ |
| ၁၂ | စာကြည့်တိုက်ဆောက်လုပ်ခြင်း။ | ၁၂ | | | | | √ |

**နောက်ဆက်တွဲ (ခ)**

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| **အသက်အုပ်စု** | | **ကျား** | **မ** | **စုစုပေါင်း** |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၇ | ၇ | ၁၄ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၂၉ | ၃၅ | ၆၄ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၄၂ | ၅၁ | ၉၃ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၂၁ | ၃၅ | ၅၆ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၄၇၂ | ၅၄၀ | ၁၀၁၂ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၄၆ | ၇၃ | ၁၁၉ |
| **စုစုပေါင်း** | | **၆၁၇** | **၇၄၁** | **၁၃၅၈** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၃၁၂** | | |

ရင်းမြစ် (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်စုစုပေါင်းကျားဦးရေထက် မဦးရေများပြားနေခြင်း ၊ နို့စို့အရွယ် ကလေးအနည်းငယ်သာရှိြခင်း၊(၅)နှစ်အောက်ကျောင်းမနေသေးသည့်ကလေးငယ်များကို မိခင်များမှ ထိန်းကျောင်းဂရုစိုက်ရခြင်းကြောင့် မိခင်များ အခြားဝင်ငွေရလုပ်ငန်းများ မလုပ်နိုင်ခြင်း ၊ မူလတန်း အရွယ်ကျောင်းနေသူဦးရေနှင့်အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ကျောင်းသား /သူ အများစု ကို မိဘများမှ တာဝန်ယူကြရခြင်း၊ စီးပွားရေးအရ မိမိကျေးရွာဒေသ၏ဝင်ငွေနည်းပါးခြင်းကြောင့် တခြားပြည်တွင်းပြည်ပသို့အလုပ်ဝင်ရရှိအောင်လူငယ်အမျိုးသား/အမျိုးသမီး နယ်ထွက် အလုပ်လုပ် နေခြင်းကြောင့် ကျေးရွာလုပ်သားနည်းပါးခြင်း ၊ သက်ကြီးရွယ်အိုများရှိသည့် အိမ်ထောင်စုများ အနေဖြင့် စီးပွားရေးအခြေအနေ တိုးတက်မှု နည်းပါးခြင်းများရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

**(ခ) အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| **စဉ်** | **လုပ်ငန်းများ** | **အဓိက အလုပ်အကိုင်** | | **အဓိကဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)** | **အဓိက လုပ်ငန်း၏ ရပ်တည်နိုင်မှု** (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | **အိမ်ထောင်စု** | **မိသားစုဝင်လုပ်အား** | | |
| **စိုက်ပျိုးစီးပွားလုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၁၃ | ၂၄၀ | ၁၇၇ | မြင့်☐လတ် √ နိမ့်☐ |
| | အလုပ်သမား/ဝန်ထမ်း | ၁၇၂ | ၁၇၄ | - | မြင့်☐လတ်√ နိမ့် ☐ |
| ၂ | **တိရစ္ဆာန်မွေးမြူရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၁ | - | မြင့်☐လတ်☐နိမ့်√ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၃ | **ငါးလုပ်ငန်း(ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း ၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |

| | | | | | |
|---|---|---|---|---|---|
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့်သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | **အဓိက လုပ်ငန်း၏ ရပ်တည်နိုင်မှု** (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့်□လတ် √နိမ့်□ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့်□လတ်√နိမ့်□ |
| ၇ | **လျှပ်စစ်၊ဓာတ်ငွေ့နှင့်ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၈ | **ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံလုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၅ | ၆ | - | မြင့်□လတ်√ နိမ့်□ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့်□လတ်√နိမ့်□ |
| ၉ | **ယာဉ်၊စက်ကိရိယာနှင့်တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃ | ၃ | - | မြင့်□လတ်√နိမ့်□ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့်□လတ်√နိမ့်□ |
| | အလုပ်သမား/ဝန်ထမ်း | - | - | ၈ | မြင့်□လတ√နိမ့်□ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၁ | ၁၇ | - | မြင့်□လတ်√နိမ့်□ |
| | အလုပ်သမား/ဝန်ထမ်း | - | - | ၂၃ | မြင့်□လတ်□နိမ့်√ |
| ၁၂ | **ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | အဓိက လုပ်ငန်း၏ ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| ၁၃ | **ပို့ဆောင်ရေး၊သိုလှောင်ရေးနှင့်ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၅ | ၄ | - | မြင့်□လတ် □နိမ့်□ |
| | အလုပ်သမား/ဝန်ထမ်း | - | - | ၃ | မြင့်□လတ်□နိမ့်□ |
| ၁၄ | **ငွေချေးဝန်ဆောင်မှုလုပ်ငန်း (ဘဏ်နှင့်ငွေချေးခြင်းအပါအဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၁၅ | **အိမ်ခြံမြေ၊ယာဉ်၊စက်ကိရိယာ၊ရောင်းဝယ်ရေးငှားရမ်းခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ(အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား/ဝန်ထမ်း | - | - | ၃၈ | မြင့်□လတ်□နိမ့်√ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂ | ၂ | - | မြင့်□လတ်√နိမ့်□ |
| | အလုပ်သမား/ဝန်ထမ်း | - | - | ၇ | မြင့်□လတ်□နိမ့်√ |
| ၁၉ | **လူမှုရေးလုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | အဓိက လုပ်ငန်း၏ ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | **အိမ်ထောင်စု** | **မိသားစုဝင်လုပ်အား** | | |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့်အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့်☐လတ် ☐နိမ့်☐ |
| | အလုပ်သမား/ကျပန်း/ရာသီ အလိုက်အလုပ်သမား | - | - | - | ☒ |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | **စုစုပေါင်း** | ၁၁၂ | ၄၄၇ | ၂၆၂ | |

ရင်းမြစ် (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေး လုပ်နိုင်သည့် အိမ်ထောင်စုသည် (၁၁၃)စုရှိသည့်အတွက် အလုပ်သမား ၊ ဝန်ထမ်းလုပ်သူများပြားခြင်း တိရစ္ဆာန်မွေးမြူသူ ကိုယ်ပိုင် လုပ်ငန်း ရှိသည့်အိမ်ထောင်စု အနည်းငယ်သာရှိခြင်း ၊ စက်ပြင်ဆရာ ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူ မရှိခြင်း ၊ အလှပြင်ဆရာ/ဆရာမ မရှိခြင်း ၊ အရောင်းအဝယ်နှင့်ကျပန်းလုပ်ကိုင်သူ အနည်းငယ်သာ ရှိခြင်း ၊ အဓိကတောင်သူ စိုက်ပျိုးရေးကို အားထားသောကျေးရွာဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား ၊ မအလိုက် အနည်းဆုံး နှင့် အများဆုံး လုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်း ခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့်သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၅၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၅၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကားရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - |

ရင်းမြစ်-- ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု ၊ အမျိုးသမီး အုပ်စု ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းနှင့်မွေးမြူရေးလုပ်ငန်းများအတွက် ကျား/မလုပ်အားခဈေး(၄၀၀၀)ကျပ် တူညီစွာရရှိကြပြီး ဆောက်လုပ်ရေး ၊ လက်သမား ၊ ပန်းရံ လုပ်သားများအတွက် အမြင့်ဆုံးလုပ်အားခ (၁၅၀၀၀)ကျပ်နှင့် အနိမ့်ဆုံး ကျားလုပ်အားခ(၈၀၀၀) ကျပ်ဖြင့် လုပ်အားခ သတ်မှတ်လုပ်ကိုင်ကြပြီး အမျိုးသမီးများလုပ်အားခ တစ်နေ့ အမြင့်ဆုံး လုပ်အားခ (၁၀၀၀၀)ကျပ်နှင့်အနိမ့်ဆုံးမလုပ်အားခ(၅၀၀၀)ကျပ်ရရှိကြပါသည်။ ကျေးရွာရဲ့ထူးခြား ကွားခြားမှုများမှာ စိုက်ပျိုးရေး ၊ မွေးမြူရေးလုပ်အားခ အမျိုးသား/အမျိုးသမီးတန်းတူ အကျိုး ခံစားရသည်ကို တွေ့ရှိရပြီး ဆောက်လုပ်ရေးအပိုင်း လုပ်အားခတွင် အမျိုးသမီးဈေးနှုန်း ပြောင်းလဲ သတ်မှတ် ပေးဆောင်ရသည်ကို တွေ့ရှိရပါသည်။နာရီအလိုက်သတ်မှတ်ဈေး(၁)နာရီ တွက်ချက် သတ်မှတ်နှုန်း မရှိသည်ကို တွေ့ရှိရပါသည်။

## (ဂ) သဘာဝရင်းမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | | |
|---|---|---|---|---|
| လယ်မြေ | ၃၆၆ | ကောင်း ☐ | သင့်√ | ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၂၇၆ | ကောင်း ☐ | သင့်√ | ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | - | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| မြေလွတ် မြေလပ် | - | ကောင်း ☐ | သင့်☐ | ညံ့ √ |
| **စုစုပေါင်း** | **၆၄၂** | ☒ | | |

ရင်းမြစ် - (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု ၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ၊ (၄) ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လယ်မြေ (၃၆၆)ဧက ၊ ယာမြေ ( ၂၇၆)ဧက ရှိပါသည်။ ဥ ယျာဉ်ခြံမြေ သီးခြားမစိုက်ပျိုးသော်လည်း မိမိအိမ်ခြံဝန်းအတွင်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူမှု အနည်းငယ်ရှိပါသည်။လယ်စိုက်ပျိုးဧက အများဆုံးရှိသည့်အတွက် ဝမ်းစာ စပါးရရှိမှု အများဆုံး ထွက်ရှိသည်ကို တွေ့ရှိရပါသည်။ယာမြေဧကမှာ ပဲ ၊ ပြောင်း ၊ နှမ်း ၊ ကြံ ၊ ဝါနှင့်မြေပဲ အနည်း ငယ် စိုက်ပျိုးမှုရှိခြင်းကို တွေ့ရှိရပါသည်။သို့သော်လည်း သီးနှံဈေးကွက်များ မတည်ငြိမ်၍ တောင်သူ အများ ကုန်ကျငွေနှင့် ရရှိငွေဈေးကွက်နည်းပါးခြင်းကြောင့် အကျိုးအမြတ် ကိုက်ညီမှုမရှိဘဲ အရှုံးပေါ်နေခြင်းလည်း ရှိနေကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| **အမျိုးအစား** | **ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့်☐ နည်း ☐မရှိ √ | လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ√ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့်☐ နည်း √ မရှိ☐ | လွယ် ☐ခက်√အသုံးမပြုနိုင်ပါ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့် ☐ နည်း√မရှိ☐ | လွယ် ☐ခက်√ အသုံးမပြုနိုင်ပါ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☐ မရှိ √ | ☒ |

ရင်းမြစ်-ဦးတည်အုပ်စု ဆွေးနွေးခြင်း ၊ ရပ်မိရပ်ဖ အုပ်စု ၊ သစ်တောဦးစီးဌာန ၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မြေအောက်သယံဇာတများဖြစ်သော ရေနံ ၊ သဘာဝ ဓာတ်ငွေ့ နှင့် ကျောက်မျက်ရတနာများ မထွက်ရှိပါ။သဘာဝပေါက်ပင် မျိုးစိတ်များအနေဖြင့် အနည်းငယ်သာလျှင် ရှိကြောင်းတွေ့ရှိရပါသည်။

## (ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ် အလတ်ရှိသော အိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည်သော အိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | ၁၀ဧက အထက် | ၅ ဧက အထက် | ၁ ဧက | မြေမဲ့ယာမဲ့ |
| အိမ်အခြေအနေ | တိုက်ခံအိမ် | သွပ်မိုး/ အုတ်နံရံ ပျဉ်ကာ | သွပ်မိုး/ ထရံကာ | သက္ကယ်မိုး ဝါးထရံကာ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ခြွေလှေ့စက် လက်တွန်း ထွန်စက် | နွား(၂)ရှဉ်း | နွား(၁)ရှဉ်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူ | တောင်သူ | ဈေးသည် | ကျပန်း |
| **အိမ်ထောင်စု** | **၆** | **၅၄** | **၁၀၆** | **၁၄၆** |

ရင်းမြစ်-(၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် စိုက်ပျိုးမြေယာပိုင်ဆိုင်မှုအနေဖြင့် အဆင်ပြေသည့် အိမ်ထောင်စုသည် (၁၀)ဧကဝန်းကျင်ရှိပြီး အလယ်အလတ်မြေယာပိုင်ဆိုင်မှုမှာ(၅)ဧကဝန်းကျင်ရှိပါသည်။မပြေလည်သည့် အိမ်ထောင်စုမှာ(၁)ဧကဝန်းကျင်သာ ပိုင်ဆိုင်နိုင်သည်ကို တွေ့ရပါသည်။ အလွန်မပြေလည်သည့် အိမ်ထောင်စုများသည် မြေယာပိုင်ဆိုင်မှုလုံးဝမရှိသည်ကို တွေ့ရပါသည်။ အလွန်မပြေလည်သည့် အိမ်ထောင်စုသည်သက္ကယ်မိုး၊ထရံကာဖြင့် အိမ်ခြေ(၁၄၆)အိမ်၊ မပြေလည်သောအိမ်ထောင်စု(၁၀၆)စု ရှိပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုသည်(၅၄)ဦး ဖြစ်သော်လည်း အနည်းငယ်ရင်းနှီး လုပ်ကိုင်စားသောက်သူများဖြစ်သည်ကို တွေ့ရှိရပြီး အုတ်နံရံကာနိုင်သူ တိုက်အိမ်ဖြင့်နေနိုင်သူ အိမ်ထောင်စု (၆)စု သည် အပြေလည်ဆုံးအိမ်ထောင်စုအဖြစ် တွေ့ရ၍ စုစုပေါင်း အိမ်ထောင်စု ( ၃၁၂)စု ရှိနေပါသည်။

**(င) ထိနိုက်လွယ်မှု**

**(င-၁) ဝမ်းစာ ဖူလုံမှု**

ဇယား (၇) ဆင်းရဲသော အိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ (ဥစ္စာ ဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | **ဖြေရှင်းသည့် နည်းဗျူဟာ** (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | - | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | - | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ =____________ |
